# မောင်ညိုမှိုင်း

(သန်လျင်)



## ဒံ့ပွားနှင့်

ဆန်းကြယ်ရင်ဖို ဝတ္ထုတိုများ



# လမ်းလျှောက်အုတ်ခဲ

"မောင်ခိုင် … မောင် … ခိုင်"

ရေးကြီးသုတ်ပျာ တက်လာကြသည့် ဝင်းနိုင်တို့ ခေါင်လတ်တို့ အုပ်စုကို တစ်ချက်လှည့်ကြည့် ပြီး မျက်နှာလွှဲလိုက်ကာ မောင်ခိုင် ဖဲသုံးချပ်ကို ဆက်ဖွက်နေလိုက်သည် ။

အဆင်က ဘူဆင်။ တက်လာသည့် အပွင့်မှန်သမျှ ဆယ်၊ ကုလားမှ လွဲလျှင် အပွင့်ကြီးလို့ ကတော့ တစ်ဝိုင်းလုံးကို စားရမည်။ မောင်ခိုင် အောက်ဖဲနှင့် အလယ်ဖဲကို လက်မနှင့် အသာပွတ်၍ ဖြည်းဖြည်းချင်း ရင်ခုန်စွာ ဆွဲကြည့်နေမိသည် ။

"ဟေ့ကောင် မောင်ခိုင်၊ မင်းအဖေ ဆုံးသွားပြီကွ"

"နေစမ်းပါကွာ၊ ထိနေရတဲ့ အထဲ၊ လာနှောက်မနေနဲ့ ။ ဟော … ကိုး ။ တွဲလပ် တင်လိုက်"

မောင်လိုက်က သူ့ဖဲသုံးချပ်ကို ဒူးနန့်၍ ခင်းရင်း အားလုံးသော ပိုက်ဆံများကို သိမ်းလိုက် သည် ။

"ဟေ့ကောင် နှောက်နေတာ မဟုတ်ဘူး ။ ဦးလေးကိုရှဖီး ဦးနှောက်သွေးကြောပြတ်ပြီး စောစောကပဲ ဆုံးသွားတာ။ မလိုက်ချင်နေကွာ၊ လာ ခေါင်လတ် သွားမယ်"

ဝင်းနိုင်က ဒေါပွပွနှင့် ပုဆိုးတိုတို ပြင်ဝတ်ရင်း ဖဲဝိုင်းမှ လှည့်ထွက်

သွားတော့ ...

"ဝင်း ... ဝင်း ... နိုင်၊ မင်း တကယ် ပြော ... ပြောတာလားဟင်"

"ဒါ နောက်ရမယ့်ကိစ္စ မဟုတ်ဘူး ကွ၊ တကယ်သေလို့ သေတယ် လာပြောနေတာ"

"အဖေ အ... ဖေ၊ သေ ... ပြီ ... ဟီး"

မောင်ခိုင် လက်ထဲက ဖဲထုပ်ကို ဖြန့်းခနဲ ကောက်လွှတ်ပစ်ပြီး အော် ငိုကာ ဖဲဝိုင်းမှ တစ်ဟု န်ထိုး ပြေးချသွားတော့သည် ။ ကျန်လူများက မောင်ခိုင့်အဖြစ်ကို ကြည့်၍ အံ့သြကုန်ကြသည် ။

မအံ့သြ ခံနိုင်ရိုးလားလေ။ မောင်ခိုင်သည် သူ့အဖေ ဦးရှဖီးနှင့် သင့်မြတ်သည် မဟုတ်။ ဦးရှဖီးက ဖဲရိုက်၊ ထန်းရည်သောက်သည် ကို လုံးဝမကြိုက်၊ အသံကြားလျှင် ခါးပတ်နှင့်ချွတ်၍ တွယ်လေ့ရှိသည် ။ ဘ ယ်လောက်ပဲ ရိုက်ရိုက် မောင်ခိုင်က သူ့အဖေလစ်လျှင် သူ့အဖေ ရှာဖွေစု ထား သမျှကို ခိုး၍ ဖဲဝိုင်း၊ ထန်းရည်ဝိုင်းမှာ ဖြုန်းသည် ။ သူ့ အဖေသေ လျှင် အိမ်နှင့်ခြံပါ ရောင်းပြီး စိတ်ချမ်းသာကိုယ်ချမ်းသာ ဖဲတစ်ဝကြီး ရို က်ပစ်မည်ဟု ကြုံးဝါးထားသည့်ကောင်။ အဖေသေပြီ ဆိုတာ တကယ် သိလိုက်ရသောအခါ ဟီးကနဲ တစ်ချက်အော်ငိုပြီး ဆင်းပြေးသွားသည် ဆိုတော့...။

* * *

ဦးရှဖီး၏ အသက်မဲ့ခန္ဓာကိုယ်ကြီးကို မောင်ခိုင် ဖက်ဖက်ပြီး ငိုနေသ ည် ကို မြင်ရသောအခါ ငယ်ပေါင်းဖြစ်သည့် ဝင်းနိုင်တို့ လူစု အထူးတ လည် အံ့သြကြရသလို သတင်းမေးလာကြသည့် အိမ်နီးနားချင်းတို့ လ ည်း စိတ်မကောင်းကြ။ မောင်ခိုင်သည် တာတေလန်အောင် ဆိုးသူ ဖြစ်

၏။ ဦးရှဖီး ကန်ထရိုက်လုပ်ငန်းလုပ်၍ ရှာထားသမျှသည် သည့် ကောင်ဒိုင်ခံဖြုန်းစမြဲ။ ပြန်အိပ်ချင်မှ အိပ်သည် ။ ပြန်စားချင်မှ စားသည် ။ ပြန်မပြောနားမထောင်။

သို့သော် ဦးရှဖီးက တစ်ဦးတည်းသောသားမို့ ချစ်နေဆဲ၊ ဆုံးမဆဲ၊ ပြဿနာပေါ်လျှင် လျော်နေဆဲ၊ ပြဿနာပေါင်းစုံ လိုက်ရှင်းပေးနေဆဲ။

အခုလို နောင်တအသိနှင့် ပဋ္ဌာမြေလူး ငိုနေသည် ကို မြင်ကြရသော အခါ တစ်ချိန်က သူ့ကို ရွံ့ရှာသူများ ပင် မျက်ရည်လည်ချင်ချင် ဖြစ်လာကြ၏။ သည် လိုအချစ်မျိုး၊ အသိမျိုး၊ ဦးရှဖီး မသိသွားခြင်းအတွက် အသေစောလေခြင်းဟု ဝေဖန်မိကြတော့၏။

* * *

မောင်ခိုင် သူ့အဖေအပေါ်မှာ ဆိုးတေခဲ့သော်လည်း သူငယ်ချင်းများကိုမူ သည်းခံခွင့်လွှတ် အနစ်နာခံတတ်သည် ။ မောင်ခိုင့်အဖေသည် မြန်မာလူမျိုးဖြစ်သော်လည်း အမည်နာမက ဘိုလိုလို၊ ကုလားလိုလို။

ကြည့်ဦး ဦးရှဖီးတဲ့ ။

"မောင်ခိုင် မင်းအဖေနာမည် ဘယ်သူလဲကွ"

"ဦးရှဖီးပါ ခင်ဗျာ"

"ဘာ ဦးရှစ်ဖီး ဟုတ်လား"

"ဟာဗျာ ရှစ်ဖီး မဟုတ်ဘူး ခင်ဗျ၊ ဦး ... ရှ ... ဖီး"

မောင်ခိုင်သည် သူ့ဖခင်နာမည်ကို မေးတိုင်း ကျောင်းမှာ လည်း ရယ်စရာဖြစ်ခဲ့ရသည် ။ မှတ်ပုံတင်လုပ်တော့လည်း ပြုံးစရာဖြစ်ခဲ့ရပြန်သည် ။ အလွန်နောက်လေ့ပြောင်လေ့ရှိသည့် ဝင်းနိုင်တို့ ၊ ခင်လတ်တို့ နှ

င့် တွေ့သောအခါ ...

“ခုနစ်ဖီးနဲ့ တစ်ဖီးပေါင်းတော့ ရှစ်ဖီးပေါ့ ခင်ဗျား”

“ရှစ်ဖီးဆိုတော့ မောင်ခိုင့်အဖေဗျို့”

သို့နှင့် သံချပ်လိုလို၊ ကရင်ဒိုးသီချင်း အလိုက်လိုလို နောက်ပြောင် ဖျက်ဆိုရင်း ရာဇဝင်တွင် ခဲ့သည် မှာ ဦးလေး ဦးရှဖီး ထမင်းစားနေစဉ်မှာပင် အိမ်ရှေ့မှ နေ၍ သီချင်းလုပ်ပြီး အော်သွားတတ်ကြ ၏။ ကလေးတွေပါးစပ်ဖျားမှာ လည်း ထိုလင်္ကာလေးသည် ရွတ်စရာတေး ဖြစ်သွားခဲ့၏။

“ခြောက်ဖီးနဲ့ နှစ်ဖီးပေါင်းရင် ရှစ်ဖီးပေါ့ဗျာ”

ဦးရှဖီးကြီးက သိသော် ကြားသော်လည်း အားလုံးကို ခွင့်လွှတ်ပြုံးပြုံး၍ ပြသည့်အခါ ပြသလို တစ်ခါတစ်ရံမတော့ လိုက်ရိုက်တော့မည့်ဟန်ဖြင့် ခြောက်လှန့်တတ်၏။ တစ်ခါတစ်ရံ ရယ်ပွဲဖွဲ့ချင်စိတ်ပေါ်လာခဲ့လျှင် ...

“အေးလေဟာ ငါ့နာမည်ကြီးက ရှစ်ဖီးလိုလို ရှဖီးလိုလို တစ်မျိုးကြီးကိုဟ”

ဟု ဝန်ခံတတ်၏။ ကြာတော့ သူတို့ ကန်ထရိုက်လောကထဲမှာ ပင် ...

“ခုနစ်ဖီးနဲ့ တစ်ဖီးပေါင်းတော့ ကိုရှဖီးလား ခင်ဗျာ၊ လာ ထိုင်”

ဟု ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း ခေါ်ပြောလာသည် အထိ ရှိလာခဲ့၏။

အဘိုးကြီးထိုင်နေတုန်း၊ စာဖတ်နေတုန်း သို့ကလို မကြားတကြား အော်သွားကြပြီး နောက်နေ့ဆိုလျှင် မောင်ခိုင်က သူငယ်ချင်းတွေကို တ

စ်တစ်ခွခွ ဆဲတော့သည် ။ ဆဲလည်း ဝင်းနိုင်တို့ အုပ်စုက မနာတတ်သလို မောင်ခိုင်ကလည်း ရှစ်ဖီးပြောပြော ကိုးဖီးပြောပြော မသိကျိုးကျွန်နေပြ လိုက်တော့သည် ။

သို့သော် ရင်ထဲမှာ တော့ ရှက်နေသည် ။ လူပျိုဖားဖား ဖြစ် လာပြီမို့ အပျိုတွေ အကြားဆို ရှက်လာသည် ။ အော်သည့်ကောင်တွေကို ရွံ့ရှာအော့နှလုံးနာသည် မှာ တော့ အမှန်။

* * *

ဦးရှဖီး အသုဘရက်လည်ပြီး များ မကြာမီမှာ ပင် လမ်းထဲမှာ ထူးထူးခြားခြားနှင့် ဆန်းဆန်း ပြားပြားဖြစ်ရပ်များ ပေါ်ထွက်လာတော့သည် ။ မောင်ခိုင့်အဒေါ်များ ၊ အစ်မဝမ်းကွဲများက အဘိုးကြီး ရက်လည်ပြီးချိန်မှ စ၍ သည် အိမ်ကြီးပေါ်မှာ လာနေကြသည် ။ မောင်ခိုင်တစ်ယောက်တည်းမို့ ချက်ပြုတ်ကျွေးမွေး စောင့်ရှောက်သည့်သဘော။

ပို၍ ထူးခြားသည် ကား ဖဲရိုက်ဝါသနာကြီးသော မောင်ခိုင်သည် သူ့အဖေ အသုဘကိစ္စမှာ ဖဲဝိုင်း လုံးဝ မခံခြင်း ဖြစ်၏။ သူငယ်ချင်းတွေက ဖဲသမားကောင်းကောင်း ခေါ် လာပြီး ရေရှာပေးပါ ရစေပြောသည့်တိုင် မောင်ခိုင် လက်မခံခဲ့။

သည် ပြောင်းလဲချက်ကို သိကြတော့ ရပ်ကွက်ထဲမှ လူကြီးများ ရော၊ ဆွေမျိုးများကပါ မောင်ခိုင်ကို ချီးကျူးကြတော့၏။ မောင်ခိုင်တစ်ယောက် အဖေသေတော့မှ လိမ္မာသွားပြီရယ်လို့ ...။

ဟုတ်လည်း ဟုတ်ပါသည် ။ အရင်တုန်းကလို မောင်ခိုင် အိမ်လည်သိပ်မထွက်တော့။ ဖဲဝိုင်း၊ အရက်ဝိုင်းလည်း ရှောင်လာသည် ။ ကြည့်လိုက်လျှင် ရေနံကြီးဝနေသည့် နှစ်ထပ်အိမ်ကြီး ပြတင်းပေါက်မှ နေ၍ တ

စ်နေရာကို ငေးကြည့်နေတတ်သည် ။ အချို့က မောင်ခိုင် ရူးသွားပြီလို့တောင် ပြောကြသည် ။ အဲဒီမှာ ဝင်းနိုင်တို့ လူစုပါသည် ။

သူငယ်ချင်းတွေခေါ်တိုင်း ခေါင်းယမ်းတတ်လွန်းသဖြင့် ကြာတော့ ငယ်ပေါင်းတွေက အချိုးပြောင်းသွားသည့် သူ့ကို မြင်ပြင်းကြောကတတ်လာပြီး၊ ညဘက် မောင်ခိုင် စာဖတ်နေလျှင်။

"ခုနစ်ဖီးနဲ့ တစ်ဖီးပေါင်းလျှင် ရှစ်ဖီးပေ့ါဗျာ ဟေ့၊ ခြောက်နဲ့ နှစ်ဖီးနဲ့ တွဲဖက်ပေါင်းရင် ရှဖီး..."

သို့ကလို အော်သွားတတ်သည် ။ မောင်ခိုင်က ပြတင်းပေါက်ပိတ်လိုက်လျှင် အသံပိုကျယ်၍ အော်ကြ၏။

* * *

တစ်နေ့ ...

ဝင်းနိုင်တို့ ဖဲဝိုင်းမှ ပြန်လာသည့်အချိန်။ မရှိဘူးဆိုလျှင် သန်းခေါင်ကျော်လောက်ပြီ။ ဦးရှဖီးအိမ်ခေါင်းရင်းသို့ ရောက်သောအခါ နောက်ပြောင်ချင်စိတ်က ထိန်းမရ ဖြစ်လာသဖြင့် ထုံးစံအတိုင်း အော်ဆိုလိုက်ကြ၏။ ဆိုလို့ မှ မကြာလိုက် အိမ်ခေါင်းရင်း ညောင်ပိန္နဲပင်ကြီးပေါ်မှ ညည်းသံကြီး ကြားလိုက်ရတော့သည် ။ ပထမတော့ သူတို့ ခြေလှမ်းများ တုံ့သွားကြသည် ။ ခဏကြာတော့ ညည်းသံကြီးက ပိုကျယ်လာသည် ။ ရင်ခေါင်းသံကြီးနှင့် အသက်ထွက်ခါနီး လူမမာ ညည်းသံကဲ့သို့။ သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ညောင်ပင်ပေါ်သို့ မော့ကြည့် လိုက်သောအခါ သစ်ကိုင်းများ တဝုန်းဝုန်း လှုပ်ခါလာပြီး သူတို့ ခေါင်းများ ပေါ်သို့ သဲတွေကျလာ သည် ။

"ဟာ ခင်လတ်ရေ၊ သ ... သရဲ၊ သ ... သရဲခြောက်တာဟ ပြေးပြေး"

"အောင်မယ်လေး စောင့်ကြပါဦးဗျို့ နေ နေပါဦး ဝင်း ဝင်းနိုင်ရဲ့ အောင်မယ်လေးဗျို့"

"ဖရောက် ဖရောက် ကောက်ကောက် တောက်တောက်"

ပြောနေတုန်းမှာ ပင် ကျောက်စရစ်ခဲ သေးသေးကလေးများ မိုးရွာသလို ကျလာပြန်သည် ။ နောက်ကြောင်းကို လှည့်မကြည့်နိုင်။ ဖိနပ်ကျန်ခဲ့သည် ကို ပြန်မကောက်အား ညည်းသံကြီးကား အဆက်မပြတ်။

* * *

ထိုနေ့ည အဖြစ်မှ စ၍ ဦးရှုဖီး တစ်ယောက် မကျွတ်မလွတ်ဘဲ ကြို့သမျှလူကို ညောင်ပင်အောက်မှ ခြောက်နေသည် ဆိုသည့် သတင်းသည် တစ်ယောက်ပါးစပ်မှ သည် ရွာထဲရပ်ထဲ ပျံ့နှံ့ကုန်တော့သည် ။ အချို့ကလေးများ ဆို နေဝင်ရီတရော ဈေးဆိုင်သွားရင် ကျောက်စရစ်မိုး အရွာခံရသည် ။ အချို့ လန့်ပြီးဖျားကြ တက်ကြ၏။

အယုံအကြည်နည်းသည့် လူ့ခွစာဂျိုးကြီး ဦးတင့်မောင်ကြီးပင် တစ်ည အရက်မူးမူးနှင့် ညောင်ပင်အောက်မှ အဖြတ် သစ်ကိုင်းပေါ်မှ စောက်ထိုးကြီး လက်ယပ်ခေါ်သဖြင့် လန့်ပြီး အိပ်ရာထဲ လဲခဲ့ရာ နောက်သုံးရက်ကြာမှ ဆရာစိုးနှင့်ကု၍ ပျောက်ခဲ့ရ၏။ ဒါတောင် ဦးရှုဖီးအိမ်ခေါင်းရင်းက ညောင်ပင်ကြီးမှာ အမဲသားတစ်ပိဿာချက်ပြီး ခေါစာကျွေးခဲ့လို့ ။

ဟိုညတုန်းက အဖြစ်ကတော့ အတော်ကိုဆန်းသည် ။ အစ်မကြီး မတင်မြနှင့် သူ့ယောက်မ မမြင့်မြင့်ဌွေးတို့ အမျိုးသမီးတစ်သိုက် မင်းနန္ဒာရပ်ရှင်ရုံက ကုလားကားကြည့်ပြီးအပြန် ဦးရှုဖီး အိမ်ခေါင်းရင်းက ဖြတ်ကြတော့ ကြက်သီးမွေးညင်းများ ထသွားကြသည် ။ သို့သော် မိန်းမအုပ် ကောင်းသဖြင့် တစ်ယောက်လက် တစ်ယောက်တွဲပြီး

အုတ်ခဲကျိုးများ ကောက်ကိုင်ကာ ဘေးဘီ ဝဲယာကြည့်၍ ဖြတ်ရန်ပြင်လိုက်ကြ၏။ လရောင်က လမ်းပေါ်ကို ထိုးကျနေ၏။

လက်ထဲပါလာသည့် လက်နှိပ်ဓာတ်မီးကလည်း အငြိမ်မနေ၊ ဟိုဟိုဒီဒီ လိုက်ထိုးလိုက်သေး သည် ။ အဲဒီလို ထိုးကြည့်တော့မှ ဘုရား ဘုရား ဘုရား။

"အောင်မယ်လေး"

"ဟ ဒါဒါ ဘာကြီးတုံး"

"ဟယ် အုတ်ခဲကြီး၊ ဘုရားရေ အုတ်ခဲကြီးက လမ်းပေါ်မှာ လမ်းလျှောက်နေတယ်ဟ။ ကြည့်… ကြည့်နေ အောင်မယ်လေး သ… သရဲ၊ သရဲခြောက်တာဟဲ့"

"အဲ အဲဒါ ဦးရှဖီး ပြေးပြေး"

အသေအချာကြည့်လေ ထင်ရှားလေပင်။ အုတ်နီခဲကြီးသည် သူတို့ ဖြတ်မည့်လမ်းပေါ်မှာ ကန့်လန့်ဖြတ်၍ မြွေတစ်ကောင် လမ်းလျှောက်သကဲ့သို့ တရွေ့ရွေ့ သွားနေ၏။ ၎င်းနှင့် ထပ်တူထပ်မျှ ပင် သေခါနီး လူမမာညည်းသကဲ့သို့ ကြောက်စရာ ညည်းသံကြီးပေါ်လာကာ အရပ်လေးမျက်နှာမှ ခွေးများ လည်း အူကုန်ကြတော့သည် ။

သစ်ကိုင်းတွေကလည်း တဝုန်းဝုန်း သဲတွေလည်း သူတို့ ကိုယ်ပေါ်သို့ ကျလာပြန်၏။ သူတို့ အုပ်စု မီးမှိတ်ပြီး ပြေးကြတော့သည် ။ မြင့်မြင့်ဌေးဆို သေးတောင်ထွက်နေသည် ။

"ပြေး ပြေး သရဲ"

"အောင်မယ်လေး ဗုဒ္ဓေါ"

“ဝုန်း”

ဖြတ်မည်အပြုမှာ ညောင်ပင်ပေါ်မှာ အထုပ်ကြီး တစ်ထုပ်လိုလို လူမ ည်းမည်းကြီး ခုန်ချတာ လိုလို ပြုတ်ကျလာသည် ။ ပါးစပ်ထဲတွေ့ရာ ဘု ရားစာတွေရွတ်၍ ပြေးလေသည် ။ ကြောက်စိတ် မိုးမွှန်နေသဖြင့် ရွတ် သမျှ အလွဲလွဲအချော်ချော် ဖြစ်ကုန်သည် ။ အချို့ ထဘီကျွတ်ကျန်ခဲ့၏။ အချို့ နောက်ကြောင်းပြန်လှည့်ပြေးကြ၏။

တစ်ဖက်လမ်းရှိ မောင်လုပ်သူ မောင်စံကြည်ကို ပြေးခေါ်ကာ လိုက် ပို့ခိုင်းရသည် ။ သူတို့ အုပ်စု လက်နှိပ်ဓာတ်မီးများ နှင့် ဖြတ်လျှောက်ကြ သောအခါ ထိုပတ်ဝန်းကျင်သည် ပကတိငြိမ်သက် နေ၏။ ရေနံချေးဝ နေသည့် အိမ်မြင့်အိုအိုကြီးပေါ်မှ ဦးရှဖီးနှမများ ရဲ့ ဘုရားရှိခိုးသံ၊ ကြေး စည် ရိုက်သံများကိုပင် အတိုင်းသား ကြားနေရသည် ။

“အစ်မကြီးတို့ မျက်စိမှောက်တာများ လားဗျာ”

“အောင်မယ်လေး မဟုတ်ဘူး ကိုစံကြည်၊ ဒီ ဒီမှာ ကြည့် စွတ်ကြော င်းကြီး”

ဟုတ်သည် ။ ရှည်လျားသော စွတ်ကြောင်းတစ်ခုသည် လူသွားလမ်း ကို ကန့်လန့်ဖြတ်၍ ဦးရှဖီး ခြံစည်းရိုးအတွင်းသို့ ဝိုးတဝါး ဝင်သွားသည် ။ ညောင်ကိုင်းပေါ်က ကျသည် ဆိုသည့် အထုပ်ကား မရှိတော့။

ထိုနေ့ကစ၍ နေဝင်လျှင် သည် လမ်းနှင့် သည် အိမ်ကြီး၏ ခေါင်းရင်းကို ကြီးကြီးငယ်ငယ် မဖြစ်ရဲကြတော့။ ကံကောင်းလို့ ထင့် အ ငယ်မ သေးသေးလေးရဲ့ ထဘီတစ်ထည်တော့ သွားရင်း ပြန်ရခဲ့သည် ။

ခုနစ်ဖီးနှင့် တစ်ဖီးပေါင်းရင် ရှစ်ဖီးပေါ့ဗျာဆိုသည့် သီချင်းဆိုသံလ ည်း သိပ်မကြားရတော့။ တစ်ပတ်တစ်ခါမှ သာ ကြားရတော့သည် ။ ဒါ

ကလည်း ဝင်းနိုင်တို့ မူးလာတဲ့ ညကျမှ ။ သို့သော် ခွေးအူသံများ ၊ ညည်းသံများကိုကား အိမ်နီးချင်းများ တို့ အတိုင်းသား ကြားနေရသည် မှာ အထင်ကရ။

* * *

တစ်နေ့တော့ သူတို့ လမ်းထဲသို့ ရေတပ်မှ လူပျိုလူကြမ်း တပ်ကြပ်ကြီးတစ်ဦး ပြောင်းရွှေ့ လာခဲ့၏။ သူ့အမည်က ကိုငစိုးကြီးတဲ့ ။ ထောင်ထောင်မောင်းမောင်း၊ မျက်လုံးပြူးပြူး၊ အသား မည်းမည်း၊ မတော်၍ များ ကိုငစိုးကြီးကို ညဘက် ဖြုန်းခနဲမြင်လိုက်လျှင် ယောက်ျား ချင်းပင် ကြက်သီးထရ၏။

လူကလည်း လူကြမ်း၊ စိတ်ကလည်း စိတ်ကြမ်း။ ပြီးတော့ ဘုကန့်လန့်။ သို့သော် စိတ်ရင်း ကတော့ အလွန်ကောင်းသည် ။ ကလေးတွေကိုလည်း ချစ်တတ်သည် ။ အစပထမတော့ ကလေးတွေဟာ သူ့အင်္ဂရုပ်ကိုကြည့်၍ လန့်ကြ၏။ ကြောက်ရွံ့ကြ၏။ သူ့သဘော စိတ်ရင်းကို သိသွားကြသောအခါ အလွန်ခင်မင်ကုန်ကြလေသည် ။

“ဦးလေး ညဘက်ကို အဲဒီ ညောင်ပင်အောက်က မဖြတ်ပါနဲ့ နော်”

“ဘာဖြစ်လို့ လဲ ခွေးပုမရဲ့ ”

“ဦးရှဖီး ခြောက်တယ် ဦးလေးရဲ့ ၊ တကယ်ပြောနေတာ”

အောင်ဘုကလည်း ခွေးပုမစကားကို ဝင်ထောက်ခံလိုက်၏။

“ဘယ်လိုခြောက်လို့ တုံး၊ ကဲ ဦးလေးကို ပြောပြကြပါဦး ခင်ဗျ”

သည် လိုနှင့် ကိုငစိုးကြီးသည် ကလေးများမှ တစ်ဆင့် လူကြီးများ စကားကိုကြားရကာ စဉ်းစားစရာ ဖြစ်လာခဲ့တော့သည် ။

“သစ်ကိုင်းပေါ်ကနေ ဇောက်ထိုးတွဲလောင်းလုပ်ပြီး လက်ယပ်ခေါ်တယ် ကိုငစိုးကြီးရဲ့ ၊ တစ်ခါတစ်ခါကျရင် အုတ်ခဲကြီးတစ်လုံးက လမ်းကိုဖြတ်ပြီး တွားတွားသွားတယ်၊ လမ်းလျှောက် တယ်၊ သဲမိုး ခဲမိုးလည်း ရွာတယ်”

“ဟေ သဲမိုး ခဲမိုး ဟုတ်လား”

“ဟုတ်ပတော်”

“အုတ်ခဲက လမ်းလျှောက်တယ်”

“အင်း”

“မဖြစ်နိုင်တာ … ဟာ”

“မဖြစ်နိုင်ရင် တော့ဘာသာတော် သွားကြည့်။ ဘုန်းကြီးလူထွက် ကိုတင်အောင်ကြီးတောင် ပြဇာတ်လိုက်ပြီး အပြန်မှာ အခြောက်ခံရလို့ ဆရာစိုးနဲ့ မနည်းကုရတယ်။ အမဲသားအိုးကို ကုန်ရော တော်ရေ့”

“တွေ့ချင်လိုက်တာဟာ တောက်”

“တွေ့ရင် ရှင် ဒီထက် မျက်လုံးပြူးသွားမယ် သိလား”

“ဟား ဟား ဟား၊ အေးပေ့ါဟာ ငစိုးနဲ့ သရဲနဲ့ တစ်နေ့ တွေ့ကြသေးတာပေ့ါ”

* * *

တစ်ည ကိုငစိုးကြီး သူ့သူငယ်ချင်း၏ အဖေ ဆုံးသဖြင့် သွားသတင်းမေးပြီး ပြန်လာခဲ့၏။ အချိန်က ညကိုးနာရီခန့်ရှိပြီ။ တစ်လမ်းလုံး အိပ်မောကျလို့ ။ သို့သော် သရဲခြောက်သော ဦးရှဖီး အိမ်အပေါ်ထပ်မှာ မူ ဘုရားရှိခိုးသံ ပေါ်ထွက်နေဆဲ။

ညောင်ပိန္နဲပင်ကြီးကား ဦးရှဖီးအိမ်မှ အုံကိုင်း၍ လမ်းတစ်ဝက်ကျော်ကျော်ကို မိုးကျနေ၏။ စည်းရိုးဝါးရုံများကလည်း လေတိုးသဖြင့် ယိမ်းထိုးနေ၏။ လဆန်း (၅) ရက်မို့ အလုံးအထည်က မသဲကွဲ။

ညောင်ပင်ကိုဖြတ်ရန် ပြင်လိုက်တော့ ကိုင်စိုးကြီး ကြက်သီးတွေ ဖျဉ်းကနဲထသွားသည် ။ အောင်မယ် ဘာများ ဖြစ်တာပါလိမ့်။ သို့သော် သူ မဖြတ်သေးဘဲ ညောင်ပင်ကြီးကို မော့ကြည့်လိုက် သည် ။ ထိုစဉ် ဘွားကနဲ သဲတွေ သူ့ခေါင်းပေါ်၊ ပခုံးပေါ် ဝန်းကျင်သို့ ကျလာသည် ။ ဘုရား ဘုရား သဲမိုးရွာတယ် ဆိုတာနဲ့ တူရဲ့ ။ သူ မကြောက်မရွံ့ ခေါင်းကိုခါလိုက်ပြီး ရှေ့တစ်လှမ်းတိုးလိုက်သည် ။

"ဖရောက် ... ဖရောက် ... ရောက်၊ တောက် ... တောက်"

အလိုလေး ကျောက်စရစ်ခဲ သေးသေးလေးတွေ သူ့ကျောကို လာမှန်ပြန်သည် ။ သူ အသာ နောက်ဆုတ်လိုက်သည် ။ ဘေးဘီ ရှေ့နောက် ဘယ်သူမှ မရှိ။ ခေါင်းနားပန်းတွေ ကြီးလာသည် ။ စစ်သားတစ်ယောက်လုံးလုပ်ပြီး မမြင်ရသည့်ကိစ္စကိုကြောက်၍ နောက်ဆုတ်ရလျှင် ရာဇဝင်ရိုင်း တော့မည်။

ထို့နောက် အင်္ကျီအိတ်ထဲမှ ဂတ်စ်မီးခြစ်ကို ထုတ်မြှောက်ခြစ်လိုက်ပြီး မီးရောင်နှင့် ဝန်းကျင် ကို ဝေ့ကြည့်ကာ ညောင်ပင်ကို ဖြတ်မည်အပြု။

"ရှဲရှဲ ရှဲရှဲ ဂလုပ် ... တုတ် ... တုတ် ရှဲရှဲ ရှဲရှဲ"

"ဟာ အုတ်ခဲကြီး"

သူ ဖျိုးတိုးဖြောက်တောက် လရောင်ကြား မီးခြစ်ရောင်ကြားမှ မျက်စိကို အားစိုက်ပြီး ကြည့်လိုက်သည် ။ ဟုတ်ပ အုတ်နီခဲကြီးတစ်လုံးသည်

သူ့ရှေ့တစ်လံကွာမှ နေ၍ လမ်းကို ကန့်လန့် ဖြတ်ကာ ဦးရှုဖီးအိမ်ဘက်သို့ တရွေ့ရွေ့သွားနေသည် ။ မျက်စိမှောက်တာများ လား။ မျက်စိကို ပွတ်သပ်ပြီး မီးခြစ်၍ တိုးကြည့်လိုက်သည် ။

"အလိုလေ... လေး အံ့ဖွယ်ပါကလား၊ ဘုရား ဘုရား"

အုတ်ခဲက နှစ်ပေသုံးပေခန့် လမ်းလျှောက်ပြီး မီးခြစ်မီးရောင်အောက်မှာ ရပ်သွားသည် ။ သည့်နောက် ညည်းသံကြီးသည် ခြံဘက်ဆီမှ ကြောက်ခမန်းလိလိ ပေါ်လာသည် ။ တစ်ချိန်တည်းမှာ ပင်ခွေးအူသံများ လည်း ပေါ်လာတော့၏။

ဟယ် ဖြစ်ချင်ရာဖြစ်။ သူ မီးခြစ်ကို မြှောက်ခြစ်ပြီး အုတ်ခဲကို လမ်းလျှောက်နေတုန်း အနီးကပ် ကြည့်လိုက်သည် ။

ပြီးနောက် သူ ပြုံးလိုက်သည် ။

ဘာမှ မပြောနှင့်တော့ ဘေးဘီကို မီးခြစ်၍ ရှာလိုက်သောအခါ အုတ်ပိုင်းကျိုးနှစ်ခဲ တွေ့လိုက် သည် ။ ဘယ်ညာ တစ်ခဲစီကိုင်ပြီး လမ်းလျှောက် အုတ်ခဲဝင်သွားသည့် ဦးရှုဖီး ခြံစည်းရိုးစပ်က မြရာပင်အုပ်ထဲသို့ တစ်ခဲကို ပစ်သွင်းလိုက်သည် ။

"ဖရောင်း"

"ခွပ်"

"အောင်မယ်လေးဗျ"

ဟာ သရဲအော်သံကြားသည် ။ သည့်နောက် အသံကြားရာကို တိုးကပ်ပြီး နောက်တစ်ခဲပစ် သွင်းရန် လက်မြှောက်၍ ပြေးအကပ် ...

"ဦး ...ဦးလေး မပစ်နဲ့ ခင်ဗျ။ ကျွန် ... ကျွန်တော်ပါ"

အလိုလေး သရဲက လူစကား ပြောလို့ ပါလား ဟုတ်ရဲ့ လား မှန်း။

"မင်း သရဲလား။ အခု ထွက်လိုက်စမ်း၊ မထွက်ရင် နောက်တစ်ခဲ ပစ်လိုက်မယ်နော် ထွက်"

"ထွက် ထွက်ပ့ါမယ် ခင်ဗျ၊ မပစ်ပါနဲ့ အား ... ကျွတ်ကျွတ်"

စကားသံအဆုံး အဝတ်မည်းကြီး ဝတ်ထားသည့် လူရွယ်တစ်ယောက် နဖူးကို လက်နှင့်အုပ်၍ ထွက်လာသည် ။

"မင်း ဘယ်သူလဲ"

"ကျွန်တော် ဦးရှဖီးသာ မောင်ခိုင် ... မောင်ခိုင်ပါ ခင်ဗျ"

"ဟေ ... မောင်ခိုင်"

* * *

ဒုတိယမြောက်ခွက်ကို ကျွန်တော် မော့ပြီးသောအခါ ...

"ခင်ဗျားက ဘာလို့ ချုံပုတ်ထဲကို ခဲနဲ့ ထုတာလဲ ကိုင်စိုးကြီးရဲ့ "

"ကျုပ်က လမ်းလျှောက်နေတဲ့ အုတ်ခဲကို မသင်္ကာဘူးဗျ။ အဝိဇ္ဇာတကက လမ်းလျှောက်တယ် ဆိုတာ ကြားမှ မကြားဘူးတဲ့ ဥစ္စာ။ အဲဒီညက လျှောက်နေတဲ့ အုတ်ခဲနားကပ်ပြီး မီးရောင်နဲ့ ကြည့်လိုက်တော့ ..."

သူက အပြောကိုရပ်ပြီး တစ်ခွက်မော့လိုက်သည် ။

"ပြောဗျာ ဘာတွေ့လဲ ပြော၊ ခင်ဗျားကလည်း "

"နေပါဦး စာရေးဆရာက ဖြည်းဖြည်းပေ့ါဗျာ၊ ဘာတွေ့ရမလဲဗျ အုတ်ခဲထိပ်ကို နိုင်လွန်ကြိုး အမည်းနဲ့ ချည်ထားတာ တွေ့ရတာပေ့ါ ဟားဟားဟား။ ဒီကြိုးကို အဲဒီခြံ ချုံပုတ်ထဲက ဆွဲနေတယ် ဆိုတာ ရိပ်မိရော။

အုတ်ခဲကျိုးနဲ့ ပေးထည့်လိုက်တာ ဒက်ထိပဲ စာရေးဆရာရေ”

“ဒီလိုလား၊ ဒါနဲ့ မောင်ခိုင်ဆိုတာ ပေါ်ရောဆိုပါတော့ ဟုတ်လား။ နေပါဦးဗျ သူက ဘာလို့ ဒီလိုလုပ်ရတာလဲ ရှင်းစမ်းပါဦး”

“ဒီလိုတဲ့ဗျာ၊ သူ့အဖေနာမည်ကို သူ့သူငယ်ချင်းတွေက ဖျက်ပြီး နောက်ပြောင်နေတော့ ကြာတော့ ရှက်လာတာပေါ့ဗျာ။ ရည်းစားလည်း ရှိလာတော့ ပိုရှက်လာတာပေါ့။ တစ်ယောက်တစ်နေ့ တစ်လမ်းလုံး ဝိုင်းနောက်နေတော့ သူ့အဖေလည်း ဆုံးပြီးရော အကွက်ကောင်းဆိုက်တုန်း သဲမိုးရွာ၊ သစ်ကိုင်းပေါ်ကနေ အဝတ်နက်ဝတ်ပြီး ဖောက်ထိုးခိုပြ၊ ညည်းပြ လုပ်ထည့်တာ အကုန်လန့်ကုန်ကြ ရော။ သူ့အဖေနာမည်လည်း နောက်မခေါ်ရဲကြတော့ဘူးလေ။ ကျုပ်နဲ့ တွေ့တော့မှ ပဲ ဇာတ်ကြောင်းစုံပေါ်ပြီး သူလည်း ဆင်ခြင်သွားတော့တယ်ဗျာ။ အမှန်တော့ ရှက်စိတ်နဲ့ ကလဲ့စား ချေတာပေါ့ဗျာ။ နောက်မလုပ်တော့ဘူးလို့ ဝန်ခံရှာပါတယ်။ အခု ကောင်လေးက ကျွန်တော် ကူညီလိုက်လို့ (...) ထဲမှာ အလုပ်ရသွားပြီ စာရေးဆရာရေ။ ဒီအကြောင်း ဘယ်သူမှ ဦးလေး မပြောပါနဲ့ တဲ့ ။ အခုလည်း မူးလို့ ပြောတာ မဟုတ်ဘူး နော်။ သူ့ဘက်ကိုယ့်ဘက် ဆင်ခြင်နိုင်ဖို့ ခင်ဗျားအနေနဲ့ စာဖွဲ့ပြီးရေးနိုင်အောင် ကျုပ်က သစ္စာဖောက် ... အဲအဲ အမှန်တရားကို ထုတ်ဖော်ပြောပြတာ။ ကဲ တစ်လုံးထပ်လိုက်ဗျာ ဇာတ်ကြောင်းပြောခ”

ကျွန်တော် ရမ်တစ်လုံး ထပ်မှာ လိုက်သည် ။ အမြည်းလည်း ယူခဲ့ရန် စားပွဲထိုးကို လှမ်းပြော လိုက်၏။ ဒီဇာတ်ကလေး ရေးသင့်သည် ထင်သည် ။ အကျိုးတော့ မယုတ်နိုင်ရာ။

မောင်ညိုမှ ိုင်း (သန်လျင်)

* * *



# ဂမ္ဘီရအစွဲအလမ်း

ကျွန်တော်သည် အမေ့ကို အလွန်ချစ်သူ ဖြစ်ပါသည် ။ အမေကလည်း သားသမီးအားလုံး ထဲမှာ အကြီးဆုံး အမိုက်ဆုံးဖြစ်သော ကျွန်တော့်ကို သံယောဇဉ်အရှိဆုံး ဖြစ်သည် ။

ကျွန်တော် ကျောင်းသားဘဝက အဖော်ကောင်းလွန်း ဆွယ်လွန်းသဖြင့် ကျောင်းအလွန် ပြေးခဲ့သည် ။ ကျောင်းပြေးသည် ဆိုလျှင် သန်လျင်-ကျိုက်ခေါက်ဘုရားပေါ်မှာ တစ်နေကုန်ထိုင်ပြီး လက်ဖက်သုပ်ဆိုင်မှာ အချိန်ဖြုန်းကြသည် ။ ဤသို့ အချိန်ဖြုန်းနိုင်ဖို့ ပိုက်ဆံက အရေးကြီးသည် ။ လိုအပ်သော ပိုက်ဆံကို ဘာကြေးညာကြေးဟု အကြောင်းပြကာ သန်လျင်ဈေးထဲမှာ ဟင်းသီး ဟင်းရွက်ရောင်းနေရသော အမေ့ထံမှ လိမ်ညာ၍ အမျိုးမျိုးတောင်းခဲ့သည် ။

သေစာရှင်စာသာတတ်သော အမေသည် ကျွန်တော်ပြောသမျှကို ယုံ၍ ဈေးဦးမပေါက်သေး သည့်တိုင် နေ့ပြန်နှင့်ချေးကာ ကျွန်တော့်လိုအင်ဆန္ဒများကို ဖြည့်ခဲ့သည် ။

အမေ မရှိသောအခါ၊ စာမေးပွဲကျသောအခါ ထိုမိုက်ပြစ်များ ၊ ဆုံးရှုံးမှုများ အတွက် အမေ့ကို ကျွန်တော် အလွန်သနားခဲ့သည် ။

သို့သော် အမေ အမှန်တကယ် ရိုးသားသစ္စာရှိခဲ့ပါသည် ။

* * *

ကျွန်တော် ပြစ်မှုတစ်ခုနှင့် သန်လျင်အချုပ်မှာ အဖမ်းခံရစဉ်က အမေသည် လက်ထိပ် တန်းလန်းနှင့် ရုံးထုတ်လာသည့် ကျွန်တော့်ကို ပြေးဖက်ငိုခဲ့သည့်အဖြစ်ကို မမေ့နိုင်စကောင်း။ သည့်နောက် ကျွန်တော့်ဇနီးကို အမေက ပြောလိုက်သည် ။

"ညည်းတို့ အတွက်သာ ညည်းတို့ ချက်၊ ငါ့သားကြီးအတွက် ထမင်းထုပ်ကို ငါကိုယ်တိုင် ချက်ပြီး ပို့မယ်" ဆိုကာ အသက် (၉၀) နားနီး ခါးကိုင်းဆံဖြူ အကြောအရေ တွဲလွဲစုမှ ချက်၍ မနက်တစ်ခေါက်၊ ညတစ်ခေါက် ပို့ခဲ့သည် ။

သန်လျင်မှ ပြစ်မှုကြီး အချုပ်သားများကို သန်လျင်အချုပ်မှာ မထားဘဲ ရန်ကုန်၊ အင်းစိန် ထောင်သို့ ပို့သောအခါ ရုံးထုတ်တိုင်း မဟာဗန္ဓုလပန်းခြံလမ်း အချုပ်ထောင်သို့ ခေါ်လာရသည် ။ အမေသည် ကျွန်တော့်အရင် ရောက်နေသည် ။

ကာလက မိုးတွင်းကာလ။ ပဲခူးမြစ်သည် လှိုင်းကြီးသည် ။ ရေစီးသန်သည် ။ မကြာခဏ လှေသမ္ဗာန်သင်္ဘောများ မှောက်သည် ။ ကျွန်တော်က သည် ခရီး အန္တရာယ်ကြီးလွန်းသမို့ မလာပါရန် ပြောပါသော်ငြားသားမျက်နှာကို မတွေ့ရလျှင် မနေနိုင်သော အမေသည် သည် မိုးသည်လေကြားမှ အရောက်လာခဲ့သည် ။

အမေလာလျှင် ဟိုဟိုဒီဒီကရသည့် စားစရာမျိုးစုံ ပါလာသည် ။ လက်ထိပ်တန်းလန်းကြားမှ ကျွေးရမလား ကျွေးသည် ။ အာမခံ မရလျှင် ကျွန်တော့်ကို အချုပ်ကားနှင့် အင်းစိန်သို့ ပြန်ပါသွား သည် ကိုကြည့်ပြီး အမေ ချုံးပွဲချငိုပြန်ရသည့် အကြိမ်များကိုကား ကျွန်တော် မရေတွက်နိုင်ခဲ့။

* * *

အမှုကိစ္စများ ပြီးစီး၍ ဝမ်းစာအတွက် လှုပ်ရှားရုန်းကန်ရင်း နာမကျ န်းဖြစ်သောအခါ အမေသည် ဆေးမျိုးစုံထည့်ထားသည့် ယွန်းအစ်က လေးကိုင်၍ လူတွဲနှင့် အိမ်ပေါ်သို့ ရောက်လာ တတ်သည် ။ ကျွန်တော် ကလည်း အင်္ဂလိပ်ဆေးဝါးဆို သေခါနီးကျမှ မလွှဲမကင်းသော သောက်သ ည့် သူ။ မြန်မာဆေးကိုသာ အယုံအကြည်ရှိသည် ။

အမေသည် မြန်မာဆေးအချို့ကိုဖျော်၍ ဆေးပန်းကန်ကို ဘုရားရှေ့မြှောက်ကာ သစ္စာစကား များကို တိုင်တည်သည် ။ ပြီးနောက် ကျွန်တော့်ပါးစပ်ထဲသို့ သူကိုယ်တိုင် တိုက်သည် ။ သူ့လက်ပိန် ချောင်း ချောင်းများ နှင့် ကျွန်တော့်တစ်ကိုယ်လုံးကို နှိပ်သည် ။ အမေ့ရဲ့ အကြင် နာအထိအတွေ့များကို ခံယူရင်း၊ အမေ့ရဲ့ မေတ္တာ သစ္စာစကားများကို နာခံရင်း ကျွန်တော့်ကိုယ်ခန္ဓာမှ ရောဂါအမျိုးမျိုးတို့ သည် ပျောက်ခဲ့ပေါ င်း များ လှပြီ။ ကျွန်တော့်အမေသည် သူ့မြေးများ ဖြစ်သော ကျွန်တော့်ရ င်သွေးများ ရဲ့ ကျောပူခေါင်းပူရောဂါမှ သည် တက်မတတ် ချက်မတတ်၊ အသက်ထွက်မတတ် ရောဂါမျိုးစုံတို့ ကို လည်း အမေသည် သူ့ယွန်းအစ် ဆေးဘူး၊ ပိန်ချောင်းချောင်းလက်များ နှင့် ရအောင်ကုခဲ့သည် ။

တစ်နေ့ အမေ အိပ်ရာထဲမှာ လဲတော့သည် ။ မရဏဖွားမို့ သက်တမ်းရှည်သော်လည်း (၉၀) ကျော်တော့ နှလုံးနှင့် သွေးတိုးက ကိုင် လာသည် ။ လေဖြတ်သွားသည် ။ မသေခင် အမေက ကျွန်တော့် လက် ကိုကိုင်၍ တိုးတိုးလေးမှာ သွားခဲ့သည် ။ "အမေသေပြီးရင် ညတိုင်းည တိုင်း အမေလာခဲ့မယ် သိလား။ အမေ့ကို မနှင်နဲ့ တဲ့ ။

နေထိုင်မကောင်းရင်၊ အန္တရာယ်တစ်ခုခုကြုံရင် အမေ့ကို တ,လိုက်။ အမေလာစောင့်ရှောက် မယ် သိလား"

သို့ကလို စကားများကို မသေခင် နေ့စဉ်မှာ ပြီး အမေဆုံးသွားခဲ့ရသ

ည် ။ ကျွန်တော့်ဘဝမှာ မြတ်နိုးအပ်သော အားထားစရာ ရွှေတောင်ကြီး ပြိုခဲ့လေပြီ။

* * *

အမေ့ကို သင်္ဂြိုဟ်သည့်နေ့က သူ့မြေး အယောက် (၂၀) ကျော်က အရက်မူးမူးနှင့် သင်္ချိုင်းကုန်း အဝင်မှာ အမေ့အလောင်းစင်ကို ထမ်းရင်း ကစားကြသည် ။ မြေးအင်အားကောင်းသမို့ လိုက်ပါပို့ဆောင်သည့်လူများ ပြောဆို ထိန်းကျောင်း၍ မရခဲ့။

“မတားနဲ့ ကွ၊ ငါတို့ အမေကြီးရဲ့ နောက်ဆုံးခရီးကို ပျော်ပျော် ပို့နေတာ”

“နောက် မကစားရတော့ဘူးဗျ။ ဒီတစ်ကြိမ်ပဲ တစ်ကြိမ်ပဲ ဖယ်”

“အမေကြီးရေ၊ ထကလိုက်စမ်းပါဗျို့”

သို့ကလို မူးမူးရူးရူး အော်ဟစ် ငိုကြွေးကြပြီး အလောင်းကို ပတ်ချာလှည့်ကြသည် ။ မြှောက်ချီ ပင့်ချီလုပ်သည် ။ ရှေ့တိုးနောက်ငင်လုပ်သည် ။ ဝိုင်းကြီးပတ်ပတ် လုပ်ကြ၍ လိုက်ကာတွေ ပြုတ်ကျ ကုန်သည် ။ ပန်းခွေတွေ လွင့်စဉ်ကုန်သည် ။ ခေါင်းကိုချည်ထားသော ထိန်းကြိုးများ ပြတ်ထွက် ကုန်သည် ။ ဦးလေးသားချင်းများက ဝင်ရောက်၍ တားသည် မရ။ လိုက်ပါပို့ဆောင်သူများ ထိတ်လန့် တကြား ဖြစ်ကုန်ကြသည် ။ ဆရာတော်ကား အံ့တကြိတ်ကြိတ်။

ဘယ်လိုမှ တားမရသည့်အဆုံး ပြုတ်ကျလုတဲတဲ ခေါင်းကို စိုးရိမ်ကြီးစွာဖြင့် ကျွန်တော် သူတို့ ပခုံးပေါ်မှ ခုန်တက်ကာ ဖက်တွယ်ထားလိုက်သည် ။ ရှိသမျှ စွမ်းအားနှင့် ဖက်တွယ် ထိန်းချုပ် ထားစဉ် ခေါင်းသည် လျှောထွက်သွားပြီး ကျွန်တော့်လက်ပေါ်သို့ ပိညှပ်ကာ လက်ထု

တ်မရ ဖြစ်နေသည် ။ ကျွန်တော်က ငို၍ အသံကုန်အော်ရင်း တောင်းပန်ရသည် ။ နောက်ဆုံး ဆရာတော်၏ ဝါးခြမ်းပြားနဲ့ တွေ့တော့မှ သင်းတို့အားလုံး ငြိမ်သွားကြသည် ။

* * *

ထိုဒဏ်ရာနှင့် ကျွန်တော် ဆေးခန်းမှာ ရက်ပေါင်းများစွာ ကုခဲ့ရသည် ။ ဆေးခန်း အလျဉ်း မသင့်တော့ တရုတ်ဆေးကို စည်းရပြန်သည် ။ ရက်မှ လသို့ ကူးပြောင်းလာသည် ။ ကျွန်တော့် ညာလက်သည် မြှောက်လို့ မရ။ မြှောက်လိုက်လျှင် ချိုင်းကြားမှ တုံ့ဆွဲထားသလိုဖြစ်၍ အာရုံကြော များကိုပါ စူးရှနာကျင်စေသည် ။ ထိုဒဏ်ရာကြောင့် အလုပ်မလုပ်နိုင်သည့်အခါ စားဝတ်နေရေးပါ ထိခိုက်လာသည် ။ ဇနီးသည် ကတိုလီမုတ်စကလေးရောင်း၍ ဝမ်းစာရှာရတော့သည် ။

ညီအစ်ကိုမောင်နှမများက တတ်အားသမျှ ကူညီပါသော်လည်း ကုန်ဈေးနှုန်း အဆမတန် ကြီး၍ ကုန်ကျစရိတ် ထောင်းနေသည့်ကာလမို့ နောက်တော့ ငွေကြေးအစား ဟင်းတစ်ခွက်မျှသာ လာပို့နိုင်ကြတော့သည် ။

ထိုသို့ ဝေဒနာကို ရင်ဆိုင်ခံစားနေရစဉ် ကာလတစ်လျှောက် ည (၁၁ ) နာရီခန့်ရောက်လျှင် အိမ်ရှေ့မှ ခွေးတွေက အူကြသည် ။ ဆွဲဆွဲငင်ငင် အူလိုက်ကြသည်  မှာ တစ်လမ်းလုံးရှိသမျှ ခွေးအားလုံးလောက်မို့ ခွေးဟောင်သံ၊ သံပုံးခေါက်သံ၊ အော်ငေါက်သံတို့ ကို ညစဉ် သန်းခေါင်နီးလျှင် ကြားနေရသည် ။ အိမ်နီးနားချင်း သက်ကြီးအချို့ကတော့ အမေ ကျွန်တော့်ကို လာခေါ်နေတာတဲ့ ။

* * *

မည်သည့်ဆေးဝါးနှင့်မျှ ရောဂါမပျောက်သည့်အဆုံး အမေ မသေခင်က ပြောခဲ့သည့်စကားကို ကျွန်တော် ပြန်စဉ်းစားလိုက်သည် ။

နေထိုင်မကောင်းရင်။ အန္တရာယ်တစ်ခုခုကြုံရင် အမေ့ကို တ,လိုက်၊ အမေ လာစောင့်ရှောက် မယ်သိလား။ ကျွန်တော် အမေ့ကို အားကိုးချင်သည် ။ အမေသာ သက်ရှိထင်ရှားရှိလျှင် ကျွန်တော့် အနားမှ ခွာလိမ့်မည်မဟုတ်။ တစ်နေ့ ဘုန်းကြီးအိုကြီးတစ်ပါး အလှူခံကြွလာရင်း ရေဝင်သောက် ရာမှ ကျွန်တော့် ရောဂါဇာစ်မြစ်ကို သိသွားသည် ။ ဘုန်းကြီးအိုကြီးသည် စာရွက်တစ်ရွက်ပေါ်မှာ ရေးခြစ်တွက်ချက်ပြီး နောက် -

“မင်းအမေဆီက ရေစင်တစ်ခွက်တောင်းပြီး မင်းဒဏ်ရာပေါ်ကို လောင်းချလိုက်ပါ။ ပျောက်သွားပါလိမ့်မယ်”ဟု ဆိုသည် ။

လုပ်ရမည့် အစီအစဉ်ကိုလည်း ညွှန်ကြားလိုက်သည် ။

* * *

နောက်တစ်နေ့ မိုးမလင်း ကျီးမနိုးခင်ထ၍ ဘယ်လက်နှင့် ရေတစ်ခွက်ကိုကိုင်ကာ အိမ်ရှေ့ စည်းရိုးအပြင်သို့ ထွက်လိုက်သည် ။

“ကျေးဇူးရှင် မွေးသမိခင် အမေခင်ဗျား။ သားတော်ကြီးမှာ အမေ့ကို သင်္ဂြိုဟ်စဉ်က ကာကွယ်စောင့်ရှောက်ရင်း ပြင်းထန်သော ဒဏ်ရာများ ရခဲ့ပါတယ်ခင်ဗျား။ ယခုအခါ ယင်းဒဏ်ရာ ဝေဒနာများကို ဆေးဝါးများ မည်သို့ပင် ကုပါသော်လည်း ပျောက်ကင်းချမ်းသာခြင်း မရှိပါသဖြင့် မွေးသမိခင် အမေကိုယ်တိုင် မေတ္တာသစ္စာ အနန္တဂုဏ်ရည်ဓာတ်ဆေးများ နဲ့ ကုသပေးပါရန် ရိုသေစွာ မေတ္တာရပ်ခံပါသည် အမေ ခင်ဗျား”

ကျွန်တော် ရေခွက်ကိုကိုင်၍ အမေ့ရုပ်လုံးပေါ်အောင် အာရုံပြုလိုက်သည် ။ မျက်စိထဲမှာ အမေ့ရုပ်ပုံ ပေါ်လာသည် ။ အမေ့မျက်နှာမှ မျက်ရည်စက်များကို မြင်လိုက်ရသည် ။ ထိုစဉ် ကျွန်တော့် ကျောကို တစ်စုံတစ်ဦး ပုတ်လိုက်သကဲ့သို့ ခံစားလိုက်ရသည် ။ ကြက်သီးများ ဖြန်းခနဲ ထသွားခဲ့ သည် ။

မကြာခင် ကြောက်လန့်ဖွယ်ကောင်းအောင် ခွေးများ အူလိုက်ကြသည် ။ လေပြင်းများ ကျလာ သည် ။ ကျီးများ လန့်၍ ပျံကုန်သည် ။ သုံးမိနစ်ခန့်ကြာသော် အားလုံးငြိမ်ကျသွားသည် ။ သည့်နောက် ရေစင်ခွက်ထဲမှ ရေကို မြှောက်၍ မရသေးသော ညာလက်ပေါ်သို့ လောင်းချလိုက်သည် ။

"အမေ့ မေတ္တာဂုဏ်ရည်ကြောင့်၊ အမေ့ရဲ့ ဂမ္ဘီရသမားလက်ကြောင့် သားရဲ့ ရောဂါ ပျောက်ပါစေသတည်း"

"ဟယ် အံ့ဖွယ်သရဲပါကလား။ လောင်းချလိုက်သောရေသည် ရေကဲ့သို့ မအေးဘဲ ရေနွေးကဲ့သို့ ပူနွေးနွေးဖြစ်နေပါကလား။ ဘုရား ဘုရား"

* * *

သုံးရက်တိတိစေ့သောနေ့၌ ကျွန်တော့်လက်သည် ထူးဆန်းစွာ မြှောက်၍ ရခဲ့လေသည် ။ ဇနီး သည် အပါအဝင် သားသမီး ညီအစ်ကို မောင်နှမအားလုံး အံ့ဩဝမ်းသာ ဖြစ်ကုန်သည် ။ ဘယ်ပုံ ဘယ်နည်းနဲ့ ပျောက်သွားတာလဲဟု မေးမြန်းသည် ။ ကျွန်တော်က ကုသနည်းကို ပြောပြလိုက်သော အခါ သူတို့ အားလုံး ပို၍ အံ့ဩကုန်ကြသည် ။ သက်ကြီးဝါကြီးများကတော့ အဲဒါ အမေ့ရဲ့ မေတ္တာ စွမ်းအားပဲတဲ့ ။ ဆရာအချို့ကတော့ ဝိညာဉ်ပရလောကရဲ့ ဆန်းကြယ်ခြင်းတစ်ခုပါပဲတဲ့ ။

ယခုအခါ ကျွန်တော် အလုပ်များကို ပြန်လုပ်နိုင်ခဲ့ပြီ။ နေ့စဉ် ညတိုင်း ကွယ်လွန်သူ မိဘများကို မေတ္တာပို့သည် ။ အမျှအတန်းဝေသည် ။ တော်ရုံတန်ရုံ နာမကျန်းဖြစ်က ဆေးမလိုခဲ့။ အမေ့ဝိညာဉ်ထံမှ ရေစင်တောင်း၍ သောက်ခဲ့သည် ။ မည်သို့ဆိုစေ ထူးဆန်းစွာ ရောဂါပျောက်ကင်း သည် ကို ကိုယ်တွေ့ကြုံခဲ့ရသည် ။ မိဘရဲ့ မေတ္တာတရားသည် ကွယ်လွန်ပြီးသည့် နောက်ဘဝများ သို့ တိုင်...

**မောင်ညိုမှ ိုင်း (သန်လျင်)**

* * *